ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

# ပြင်ပလူနာရောဂါစာရင်းဖြည့်စွက်နည်းလမ်းညွှန်

၂၀၁၈ ခုနှစ်၊ မေလ

ကျန်းမာရေးစီမံကိန်းဦးစီးဌာန
ရုံးအမှတ်(၄)၊ နေပြည်တော်

# ပြင်ပလူနာရောဂါဖြစ်ပွားမှုအစီရင်ခံစာပုံစံ

## Out-Patient Report Form (Revise/2008)

<u>လမ်းညွှန်</u>

ပြင်ပလူနာရောဂါစာရင်း Out-Patient Report Form အား (၁)နှစ်လျှင် (၃)ကြိမ် (နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ) ရာသီအလိုက် ပြုစုပေးပို့ရန်ဖြစ်သည်။ ရာသီအလိုက် စာရင်းကောက်ယူရမည့်ရက်၊ လအား ဇဟိုမှ အကြောင်းကြားပေးပို့မည်ဖြစ်ပြီး သက်ဆိုင်ရာပြင်ပလူနာဌာနမှ သတ်မှတ်ရက်တွင် လာရောက်ပြသသော ပြင်ပလူနာ အားလုံးအား စာရင်းပြုစုပြီး ရာသီတစ်ခုချင်းအလိုက် စာရင်းကောက်ယူသည့်နေ့မှ (၇)ရက်ထက်နောက်မကျစေဘဲ **<u>ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ သတင်းအချက်အလက်ဌာန၊ ရုံးအမှတ် (၄၇) နေပြည်တော်</u>** သို့ ပေးပို့ရမည်ဖြစ်ပါသည်။

(က) ပြင်ပလူနာဌာနအမည် — သက်ဆိုင်ရာပြင်ပလူနာဌာန၏အမည်
ဥပမာ - <u>ရွာသစ်ကြီးတိုက်နယ်ဆေးရုံ</u>
- မင်းကွန်းကျေးလက်ကျန်းမာရေးဌာန
- ခင်သာမိခင်ကလေးကျန်းမာရေးဌာန

(ခ) မြို့နယ် — သက်ဆိုင်ရာပြင်ပလူနာဌာနတည်ရှိသည့်မြို့နယ်၏အမည်
ဥပမာ - ရွာသစ်ကြီးတိုက်နယ်ဆေးရုံ၊
<u>စစ်ကိုင်းမြို့နယ်</u>

(ဂ) ပြည်နယ်/တိုင်း — ပြင်ပလူနာဌာနနယ်ပယ်နှင့်သက်ဆိုင်သည့်ပြည်နယ်/တိုင်း၏အမည်ကိုဖော်ပြရန်
ဥပမာ - ရွာသစ်ကြီးတိုက်နယ်ဆေးရုံ
စစ်ကိုင်းမြို့နယ်၊
<u>စစ်ကိုင်းတိုင်း</u>

(ဃ) စာရင်းကောက်ယူသည့်ရက် — ပြင်ပလူနာအစီရင်ခံစာစာရင်းကောက်ရန်အတွက်ဇဟိုမှ သတ်မှတ်ထားသော ရက်ကိုဆိုလိုပါသည်။
(အကယ်၍သတ်မှတ်ထားသောရက်တွင်အကြောင်းအမျိုးမျိုးကြောင့် စာရင်းကောက်ယူရန် မဖြစ်နိုင်ပါက သတ်မှတ်ထားသော ရက်နှင့်အနီးစပ်ဆုံးရက်ကိုသတ်မှတ်ဖော်ပြ၍စာရင်းကောက်ယူရမည်ဖြစ်ပါသည်။)
ဥပမာ - (၁၃-၈-၀၈) ဇဟိုမှသတ်မှတ်ရက်
မိုးရာသီအတွက် စာရင်းကောက်ယူရန် (၁၃-၈-၀၈)ကို သတ်မှတ်ထားသော်လည်း ပြင်ပလူနာဌာနအနေဖြင့် ထိုရက်တွင် အကြောင်း အမျိုးမျိုးကြောင့် စာရင်းကောက်ယူရန် မဖြစ်နိုင်ပါက သတ်မှတ်ထားသော ရက်နှင့်အနီးကပ်ဆုံး ဆေးခန်းဖွင့်ရက်ကို ရွေးချယ်ပြီး စာရင်းကောက်ယူပေးပို့ရပါမည်။

| ကော်လံအမှတ် | အမျိုးအမည် | အဓိပ္ပါယ်ဖွင့်ဆိုချက် | မှတ်ချက် |
|---|---|---|---|
| (၁) | အမှတ်စဥ် | စာရင်းကောက်ယူရမည့် ဆေးခန်းဖွင့်ရက်တွင် လာရောက်ပြသသော လူနာများ၏ အမှတ်စဥ်ကို အမှတ်စဥ်(၁)မှစ၍ လူနာအရေအတွက် ကုန်ဆုံးသည်အထိ အစဥ်အတိုင်းရေးသွင်းရန်ဖြစ်ပါသည်။ | |
| (၂) | ပြင်ပလူနာမှတ်ပုံတင်အမှတ် | ဆေးခန်းဖွင့်လှစ်သည့်နေ့တွင်လာပြသောလူနာများအား ပေးထားသည့် လူနာမှတ်ပုံတင်အမှတ်ကိုဆိုလိုသည်။<br><br>ဥပမာ - (၁-၁-၂၀၀၈) နေ့တွင်ဆေးခန်းဖွင့်လှစ်သော ရက်၌ ဆေးခန်းလာပြသော လူနာများအား ကြည့်မည်ဆိုပါလျှင် ပထမလာပြသူသည် မောင်မြဖြစ်ပါက ၄င်း၏အမှတ်စဥ်သည် (၁) ဖြစ်ပြီး ၄င်း၏လူနာမှတ်ပုံ တင်အမှတ်ကို (၁/၀၈) ဟုရေးပေးရန်ဖြစ်ပါသည်။ ဆက်လက်၍ ယင်းနေ့အတွက် အခြားလူနာများအား (၂/၀၈) (၃/၀၈) (၄/၀၈) စသည်ဖြင့် အစဥ်လိုက် (Serial Number) ပေးရန်ဖြစ်ပါသည်။ အကယ်၍ တစ်နှစ်အတွင်းထပ်ကြိမ်အဖြစ်လာပြသောလူနာများအား မှတ်ပုံတင်နံပါတ်အသစ် မပေးဘဲပထမဆုံးအကြိမ်လာပြသည့်နေ့တွင် ရရှိထားသော လူနာမှတ်ပုံတင်အမှတ်ကိုသာ ဆက်လက်၍ သုံးစွဲရမည် ဖြစ်ပါသည်။<br>ဥပမာ - (၁၃-၈-၂၀၀၈) ရက်နေ့တွင် မိုးရာသီအတွက် ပြင်ပလူနာစာရင်းကောက် ယူမည်ဆိုပါစို့။<br>(၁၃-၈-၂၀၀၈)ရက်နေ့တွင် ထိုပြင်ပလူနာဌာနသို့ (၂၀၀၈) ခုနှစ်အတွင်း တစ်ကြိမ်မှုလာမပြဘူးသော လူနာသစ်ဖြစ်လျှင် အစဥ် အတိုင်း (Serial Number) အလိုက် ထိုနှစ်အတွက်လူနာမှတ်ပုံတင်အသစ်တစ်ခုကို ရေးရပါမည်။ နောက်ဆုံးပေးထားသော (Serial Number) အစဥ်အလိုက် လူနာမှတ်ပုံတင်မှာ ၁၉၇/၀၈ ဖြစ်သည် ဆိုလျှင် ၂၀၀၈ ခုနှစ်အတွင်း တစ်ခါမှု လာမပြဘူးသော နောက်ထပ် လူနာသစ်အတွက် မှတ်ပုံတင်နံပါတ်မှာ ၁၉၈/၀၈ ဖြစ်မည်။<br><br>အကယ်၍ ၂၀၀၈ခုနှစ်အတွင်း ယခင်ကလာရောက်ပြသဘူးသူဖြစ်ပါက ပထမဦးဆုံး အကြိမ် လာရောက်ပြသစဥ်က ရရှိထားသော ပြင်ပလူနာမှတ်ပုံတင်နံပါတ် အဟောင်းကို ရေးသားရန်ဖြစ်ပါသည်။ ဒေါ်လှဝင်းသည် (၁-၁-၀၈)ရက်နေ့တွင် ထိုပြင်ပလူနာဌာနသို့ လာ ရောက် | |

| ကော်လံအမှတ် | အမျိုးအမည် | အဓိပ္ပါယ်ဖွင့်ဆိုချက် | မှတ်ချက် |
|---|---|---|---|
| | လူနာ | ပြသသည့် ပြင်ပလူနာမှတ်ပုံတင်အမှတ်မှာ ရ/၀၈ ဖြစ်သည်။ (၁၃-၈-၀၈)ရက်နေ့တွင် ထိုဆေးခန်းသို့ ထပ်မံလာပြလျှင် ဒေါ်လှဝင်း၏ ပြင်ပလူနာမှတ်ပုံတင်အမှတ်မှာ ရ/၀၈ကို သာ ဆက်လက် သုံးစွဲရန်ဖြစ်ပါသည်။ ၂၀၀၈ခုနှစ် အတွင်း ဒေါ်လှဝင်းလာပြသမျှ သူမ၏ ပြင်ပ လူနာ မှတ်ပုံတင်အမှတ်မှာ ရ/၀၈ကိုသာဆက်လက်သုံးစွဲရန် ဖြစ်ပါ သည်။<br>သစ် - ဆေးခန်းဖွင့်လှစ်သောနေ့တွင် လာပြသောလူနာများ အနက်တစ်နှစ်အတွင်းပထမဆုံးအကြိမ်လာပြသော လူနာကို ဆိုလိုပြီး "သစ်" စာတိုင်တွင် ☑ အမှတ်အသားရေးသွင်းရ ပါမည်။<br>ဟောင်း - ဆေးခန်းဖွင့်လှစ်သောနေ့တွင် လာပြသော လူနာ များအနက်တစ်နှစ်အတွင်းထပ်ကြိမ်အဖြစ် လာရောက်ပြသ ခြင်းဖြစ်ပါက ၄င်းလူနာကို "ဟောင်း" စာတိုင်တွင် ☑ အမှတ် အသား ရေးသွင်းရပါမည်။<br>ဥပမာ - (၁-၁-၀၈)နေ့တွင်ဆေးခန်းသို့ လာပြခဲ့သောလူနာ မောင်မြ သည်စာရင်းကောက်ယူရမည့် (၁၃-၈-၀၈)ရက်နေ့ တွင် ထပ်ကြိမ်အဖြစ် ဆေးခန်းလာပြလျှင် လူနာဟောင်းဟု သတ်မှတ်ရပါမည်။ | |
| (၃) | ကျား/မ | ဆေးခန်းသို့လာပြသော လူနာကိုကျား/မဖြင့် ဖော်ပြရန်ဖြစ် ပါသည်။<br>(ကျား) ဖြစ်လျှင်" ကျား" စာတိုင်တွင် ☑ ၄င်းအမှတ်အသား ရေးပေးရ ပါမည်။<br>(မ) ဖြစ်လျှင် "မ" စာတိုင်တွင် ☑၎င်းအမှတ်အသားရေးပေး ရပါမည်။ | |
| (၄) | အသက် | နှစ် - ပြည့်ပြီးအသက် (နှစ်) ကိုဆိုလိုခြင်းဖြစ်သည်။<br>ဥပမာ -(၁၂) နှစ် (၄) လအား (နှစ်) စာတိုင် အောက်တွင် ပြည့်ပြီး အသက်ဖြစ်သည့် (၁၂) ကိုသာ ဖြည့်သွင်းရပါမည်။<br>(က) (၁) နှစ်အောက်ဖြစ်လျှင် - ပြည့်ပြီးသည့်လကိုသာ ဖော်ပြရန်<br>ဥပမာ - ကလေးတစ်ယောက်၏အသက်သည် (၆) | |

| ကော်လံအမှတ် | အမျိုးအမည် | အဓိပ္ပါယ်ဖွင့်ဆိုချက် | မှတ်ချက် |
|---|---|---|---|
| | | လနှင့် (၁၀) ရက် ဖြစ်ပါက ပြည့်ပြီးလဖြစ်သည့် (၆) လကိုသာ ဖော်ပြရမည် ဖြစ်ပါသည်။<br>(ခ) ကလေးတစ်ယောက်သည် ရက်သားဖြစ်ပါက ၄င်း ကလေး၏ အသက် (ရက်) ကိုဖော်ပြရပါမည်။<br>ဥပမာ - ကလေး၏အသက်သည် (၂၉) ရက်ဖြစ်ပါက ရက်စာ တိုင်တွင်ကလေး၏အသက် (၂၉) ရက်ကို ဖြည့်သွင်းရပါမည်။ | |
| (၅) | ပြင်ပလူနာဌာနတည် ရှိသည့်မြို့နယ်/ ရပ်ကွက်ကျေးရွာ အုပ်စုတွင်နေထိုင်သူ | ဟုတ် - ဆေးခန်းသို့လာရောက်ပြသောသူသည် ပြင်ပလူနာ ဌာနတည်ရှိသည့် မြို့နယ်/ရပ်ကွက် ကျေးရွာအုပ်စုတွင် နေထိုင် သူဖြစ်ပါက "ဟုတ်" စာတိုင်တွင် ☑ ၎င်းအမှတ် အသား ရေးသွင်းရပါမည်။<br>မဟုတ် - အကယ်၍ဆေးခန်းသို့ လာရောက်ပြသောသူသည် ပြင်ပ လူနာဌာနတည်ရှိသည့် မြို့နယ်/ရပ်ကွက်ကျေးရွာ အုပ်စုတွင်နေထိုင်သူ မဟုတ်လျှင် (ဧည့်သည်/ခေတ္တခဏ လာရောက်တည်းခိုသူဖြစ်လျှင်) မဟုတ်စာတိုင်တွင် ☑ ၎င်း အမှတ်အသားရေးသွင်းရပါမည်။ | |
| (၆) | ကုသပေးသည့် ရောဂါ | ဆေးခန်းသို့လာပြသည့်လူနာတွင် ဖြစ်ပွားနေသောရောဂါ အမည်ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်ဖြစ်ပါသည်။ လူနာခံစားနေရသော ရောဂါလက္ခဏာများကို ဖော်ပြရန် မဟုတ်ပါ။<br>ဥပမာ - လူနာတစ်ယောက်သည် အချိန်မှန်မှန် ဖျားခြင်း၊ ချမ်းတုန်ခြင်းတို့ကြောင့် ပြင်ပလူနာဌာနသို့ လာရောက်ပြသ သည်ဆိုပါစို့။ လူနာ၏ရောဂါရာဇဝင်ကို မေးမြန်းခြင်း၊ စမ်းသပ်ကြည့်ရှုခြင်းလိုအပ်ပါကအခြားစစ်ဆေးမှုများပြုလုပ် ခြင်းတို့ဆောင်ရွက်ပြီးရောဂါသတ်မှတ်၍ကုသမှုပြုလုပ်ပါ သည်။ ထိုသတ်မှတ် ကုသပြီးသော ရောဂါအမည်ကို- ဥပမာ - Malaria ဟု ရေးသား ဖော်ပြရန်ဖြစ်ပါသည်။ ချမ်းတုန်၍ ဖျားခြင်းဟု ဖော်ပြရန်မဟုတ်ပါ။ **ရောဂါအမည် ဖြည့်စွက်ရေးသားပေးပို့ရာတွင်အတိုကောက်များရေးသား ခြင်းမပြုရပါ။** အချို့သော ရောဂါအတိုကောက်များသည် အဓိပ္ပါယ်(၂)မျိုးယူဆရရှိနိုင် ပါသည်။ | |

| ကော်လံအမှတ် | အမျိုးအမည် | အဓိပ္ပါယ်ဖွင့်ဆိုချက် | မှတ်ချက် |
|---|---|---|---|
| | | ဥပမာ CP=(cerebral palsy)<br>CP= (cleft palate)<br>CSM=( chronic suppurative Mastoiditis)<br>CSM= (Clinical Suspected Malaria) | |
| (၇) | ခွဲစိပ်မှုအမျိုးအစား (အကယ်ရှိ ခဲ့လျှင်) | ဆေးခန်းသို့လာရောက်ပြသ၍ ကုသမှုအတွက်လိုအပ်၍ ခွဲစိပ်ကုသမှု ပြုလုပ်ခဲ့ရပါက ခွဲစိပ်ကုသမှုအမျိုးအမည်ကို ရေးသားပေးရပါ မည်။ | |

# ပြင်ပလူနာရောဂါဖြစ်ပွားမှုအစီရင်ခံစာပုံစံ

မှတ်ချက်။ ။ ဤပုံစံကိုမဖြည့်စွက်မီ ပုံစံဖြည့်စွက်ရန်အညွှန်းကို ဦးစွာဖတ်ပါရန်။

(က) ပြင်ပလူနာဌာနအမည် ………………… (ခ) မြို့နယ် …………….. (ဂ) ပြည်နယ်/တိုင်း ……………….. (ဃ) စာရင်းကောက်ယူသည့်ရက် ………….

| (၁) အမှတ်စဉ် | (၂) ပြင်ပလူနာမှတ်ပုံတင် | | | (၃) | | (၄) အသက် | | | (၅) ပြင်ပလူနာဌာနတည်ရှိသည့်မြို့နယ်/ရပ်ကွက်ကျေးရွာအုပ်စုတွင်နေထိုင်သူ | | (၆) ကုသပေးသည့်ရောဂါ | (၇) ခွဲစိတ်မှုအမျိုးအစား (အကယ်၍ရှိခဲ့လျှင်) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | အမှတ် | သစ် | ဟောင်း | ကျား | မ | နှစ် | (၁)နှစ်အောက်ဖြစ်လျှင် | | ဟုတ် | မဟုတ် | | |
| | | | | | | | လ | ရက် | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |
| | | | | | | | | | | | | |
| Code … | | | | | | | | | | | | |

Code … အမှတ်အသားပါသောလိုင်းကိုအသုံးမပြုပါရန်။